**ได้รับวรรณกรรมดีเด่นแห่งชาติประเภทวรรณกรรมเรื่องสั้นเมื่อปี 2018**

၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုဆုရစာအုပ်



**สำนักพิมพ์...นานตะสิ่น โป่งหน่กได้ก์**
**ฉบับพิมพ์ปี..2019**
**จำนวนหน้า...172**

# ช่วงเวลาเย็นที่เก็บเกี่ยวความหวัง

**ผู้เขียน-มยิต-โจอิน**

မြစ်ကျိုးအင်း

# မျှော်လင့်ခြင်းငါးမျှားတဲ့ညနေ

ရ သ ဝ တ္ထု တို စု

(ဒုတိယအကြိမ်)

ထုတ်ဝေခြင်း ဒုတိယအကြိမ်
နိုဝင်ဘာလ၊ ၂၀၁၉ ခုနှစ်
စောင်ရေ ၁၅၀၀
မျက်နှာဖုံးနှင့် မြတ်မွန် (၀၉၇၉၉၄၂၃၇၈၉)
အတွင်းပန်းချီ
ထုတ်ဝေသူ ဒေါ်သိမ့်သူစိုး (၀၁၂၈၅)
ပုံနှိပ်သူ ဝင့်ဘိုဘို(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆
စာစစ် တင်မိခိုင်
စာအုပ်ချုပ် KKH (၀၉၂၅၀၄၄၈၈၁၁ ၊ ၀၉၂၆၁၅၅၉၉၉၆)
ဖြန့်ချိရေး မဟာစာပေ
ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄
တန်ဖိုး ၃၀၀၀ ကျပ်

မြစ်ကျိုးအင်း

မျှော်လင့်ခြင်းကို မှူးတဲ့ညနေ ၊ မြစ်ကျိုးအင်း
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၁၈
စာ ၁၇၃ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၂) မျှော်လင့်ခြင်းကို မှူးတဲ့ညနေ

# သူနဲ့ ကိုယ်နဲ့ ချည်တဲ့ ကြိုး

ကင်းဘတ်စပေါ် ဆက်တိုက်ကျနေတဲ့ သူ့လက်တွေက ခပ်ကြမ်းကြမ်း စုတ်ချက်တွေကို ဖန်တီးနေမှန်း ကိုကျော်ဝေ သိတာပေါ့။ ဒါပေမဲ့ မတားချင်ဘူး။ ပြေးစမ်း၊ ဆွဲစမ်း ဆိုပြီးကို လွှတ်ထားလိုက်တယ်။ စိတ်ထဲက မကျေနပ်ချက်တွေကို လက်ပေါ်တင်ပေးလိုက်ပြီး စုတ်တံကို အသက်သွင်းလိုက်တဲ့အခါမှာ သူ တစ်ခါမှ မရဖူးတဲ့ ပန်းချီကားတစ်ချပ် ရုပ်လုံးပေါ်လာတော့တယ်။ သူ့အရှေ့မှာ တငြိမ့်ငြိမ့် စီးဆင်းနေတဲ့ မြစ်ရေပြင်က သူ့ဒေါသတရားအောက်မှာ လှိုင်းထန်နေတဲ့ မြစ်ရိုင်းတစ်စင်း ဖြစ်သွားတယ်။ သာယာကြည်လင်နေတဲ့ နေရောင်က ကားချပ်ထဲမှာ ညအမှောင်ဖြစ်သွားတော့တယ်။ အမှောင်ထုအောက်က လှိုင်းထန်နေတဲ့ မြစ်ပြင်။ ဒါက လက်ရှိသူ့စိတ်အခြေအနေကို ပြနေတဲ့ ပြယုဂ်ပန်းချီကားပဲ။

ကိုကျော်ဝေက ဒီမြစ်ဘေးမှာ ခဏခဏ ပန်းချီလာဆွဲတယ်။ ဆွဲခဲ့သမျှလည်း သာသာယာယာ ကြည်ကြည်လင်လင် မြင်ကွင်းတွေချည်းပဲ။ မြစ်ကမ်းဘေးမှာ မြက်ရိုင်းတောလေးတွေ၊ ဗျိုင်းငှက်လေးတွေ ပျော်မြူးနေပုံ ဆွဲဖူးတယ်။ သားသည်အမေ ကလေး ရေချိုးပေးနေပုံ ဆွဲဖူးတယ်။ ကျွဲလည်တိုင်က ရွှံ့တွေကို မြစ်ရေနဲ့ ဆေးပေးနေတဲ့ ကျွဲကျောင်းသားပုံ ဆွဲဖူး

တယ်။ ချစ်သူစုံတွဲနှစ်ဦး အေးအေးလူလူ လှေလှော်နေပုံတွေ၊ သားအဖနှစ်ယောက် လှေလေးပေါ်မှာ ပိုက်ကွန်ပစ်နေပုံတွေ ဆွဲဖူးတယ်။ တာပေါ်လင်စပေါ်မှာ စားစရာတွေ ပြင်နေတဲ့ သူ့မိန်းမပုံတူကိုလည်း မြစ်ရေပြင် နောက်ခံထားပြီး ဆွဲဖူးတယ်။ ဆိုတော့ကာ အရင်က ဆွဲခဲ့သမျှ စိတ်ကြည်နူးစရာမြင်ကွင်းတွေချည်းပဲ။

အခုတစ်ခါတော့ ညအမှောင်အောက်က လှိုင်းထန်နေတဲ့ မြစ်ရိုင်းတစ်စင်းပုံကို ဆွဲမိခဲ့ပြီ။ ဒါကလည်း သူ့စိတ်တွေကို ဇက်ကြိုးလွှတ်ပြီး ဆွဲဖြစ်တဲ့ပုံ။ ပြောရရင် ကိုကျော်ဝေ တော်တော် ဒေါသထွက်နေခဲ့တာ။ အဖြစ်က ထွေထွေထူးထူးလား ဆိုတော့လည်း မဟုတ်ပါဘူး။ မိန်းမနဲ့ ရန်ဖြစ်ခဲ့တာ။ လင်မယားတွေ စကားများကြတာက အထူးအဆန်းမဟုတ်ဘူး ဆိုပေမယ့် အိမ်ထောင်သက် သုံးနှစ်အတွင်းမှာ ပထမဆုံးဖြစ်ဖူးတဲ့ ရန်ပွဲဖြစ်လို့ ကိုကျော်ဝေအတွက် အစိမ်းသက်သက် အတွေ့အကြုံပဲ ဆိုပါတော့။

စကားများရတဲ့ အဖြစ်အပျက်ထက် အိမ်ထောင်သက်တစ်လျှောက် အမြဲ ငြိမ်ခံခဲ့တဲ့ မိန်းမက တစ်ချက်နှစ်ချက် ပြန်ပက်တာကို မကျေနပ်ဆုံးပဲ။ ဒါနဲ့ပဲ ပန်းချီဆွဲဖို့ပစ္စည်းတွေ ကောက်ထည့်ပြီး အိမ်က ထွက်လာခဲ့တော့တယ်။ ထွက်လာပြီးတော့လည်း ဘယ်သွားရမှန်းမသိတာနဲ့ ရောက်နေကျ မြစ်ဆိပ်ကိုပဲ ခြေဦးလှည့်မိတော့တာ။

ပန်းချီကား ပြီးသွားတော့ စိတ် တော်တော်ပေါ့သွားတယ်။ ဒါနဲ့ ဆေးပေါ့လိပ်လေး ထိုင်ဖွာပြီး မြစ်ရေစီးတာကို ငေးကြည့်နေမိတယ်။ စိတ်က ဟိုတွေးဒီတွေးဆိုပေမယ့် အဓိကက သူ့မိန်းမအကြောင်း တွေးဖြစ်တာပါ။ ကိုကျော်ဝေတို့လင်မယားက ချစ်သူဘဝကတည်းက ဒီမြစ်ကမ်းဘက်မှာ အမြဲ ချိန်းတွေ့လေ့ရှိတယ်။ လက်ထပ်ပြီးတော့လည်း မကြာမကြာ ရောက်ဖြစ်ကြတယ်။ ဒီမြစ်ကမ်းဘေးကို ရောက်ပြီဆိုရင် ကိုကျော်ဝေက ပန်းချီဆွဲဖို့ ပစ္စည်းတွေ ပြင်ဆင်နေချိန် သူ့မိန်းမကလည်း ယူလာတဲ့ တာပေါ်လင်စလေး ဖြန့်ခင်းပြီး ဆွဲခြင်းထဲက ရေနွေးဓာတ်ဘူး၊ လက်ဖက်ဘူးတွေထုတ်၊ ထမင်းချိုင့်နေရာချပြီးတာနဲ့ စာအုပ်လေးထုတ်ဖတ်ရင်း ကိုကျော်ဝေ ပန်းချီဆွဲတာကို အဖော်လုပ်ပေးနေကျပေါ့။

ပြောပြီးခဲ့သလို အိမ်ထောင်သက် သုံးနှစ်အတွင်းမှာ ရန်တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ တစ်ယောက်နဲ့တစ်ယောက် အလိုက်တသိနဲ့ ဖြည့်ဆည်းပေးကြတာဆိုတော့ သာယာတဲ့ အိမ်ထောင်ရေးလို့ ဆိုရမယ်။ သွားအတူလာ

အတူ တပြုံးပြုံးနဲ့ ကြည်နူးနေကြတဲ့ သူတို့လင်မယားကို ပတ်ဝန်းကျင်က သိပ်ကို လိုက်ဖက်တဲ့စုံတွဲလို့ ထုတ်ပြောကြတဲ့အထိပါပဲ။ သုံးနှစ်အတွင်းမှာ သူ့နေရာနဲ့သူ အဆင်ပြေနေတဲ့ လျှာနဲ့သွားက ဒီနေ့မှာတော့ ကိုက်မိကြတယ် ဆိုပါတော့။ အတွေ့အကြုံ မရှိကြသေးတော့ ကိုက်မိတဲ့ဒဏ်ရာက နာတယ် ထင်ကြတာပေါ့လေ။ ဒီတော့ ကိုကျော်ဝေက အိမ်က ထွက်လာတယ်။ သူ့မိန်းမက အိပ်ရာထဲ အိပ်ပြီး ကျန်နေခဲ့တယ်။

ဒီလောက်အထိ ဖြစ်ရတယ်ဆိုလို့ ပြဿနာက ကြီးသလားဆိုတော့လည်း မကြီးဘူး။ ပစ္စည်းအထားမှားရာကနေ မေးရင်း မြန်းရင်း စကားနည်းနည်းများသွားတာ။ ညက မန်ယူအသင်းရှုံးလို့ ကိုကျော်ဝေ စိတ်နည်းနည်းတိုနေတာကတော့ ဒီစကားများပွဲကို နည်းနည်း အားဖြည့်ပေးတဲ့အကြောင်းလို့ ယူဆရင်လည်း ရတယ်။ ရန်ဖြစ်နေကျ လင်မယားတွေအတွက် လေပြည်တစ်ဖေ့စာလောက်ပဲရှိတဲ့ အဖြစ်အပျက်မျိုးပါ။ ဒါပေမဲ့ ဒီလင်မယားအတွက်တော့ မုန်တိုင်းအသေးစားလေးလို့ တင်စားရမှာပေါ့။

ရောက်တတ်ရာရာ ထိုင်တွေးရင်းနဲ့ နေစောင်းတော့ ကိုကျော်ဝေ ပြန်ဖို့ပြင်တယ်။ မင်းမျက်နှာမကြည့်ချင်လို့ကွာ ဆိုပြီး ပြောပြောဆိုဆို ထွက်လာခဲ့သူဆိုတော့ အိမ်ပြန်ရမှာ နည်းနည်း ချီတုံချတုံ ဖြစ်မိသေးတယ်။ နေကလည်း စောင်းလာပြီဆိုတော့ ပြန်ဖို့သင့်ပြီဆိုတဲ့ အသိနဲ့ပဲ မြစ်ကမ်းဘေးကနေ ပြန်လာခဲ့တော့တယ်။ ပန်းချီပစ္စည်းအိတ်ကို လက်ကဆွဲရင်း မြစ်ကမ်းစပ်က တက်လာတဲ့ ကိုကျော်ဝေတစ်ယောက် မြစ်ဆိပ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရခိုင်မုန့်တီဆိုင်ရှေ့ကို ရောက်လာခဲ့တယ်။

မုန့်တီအနံ့ ပျံ့ခနဲ နှာခေါင်းထဲဝင်လာတော့ သူ့မိန်းမကို သတိရမိလိုက်တယ်။ သူ့မိန်းမက ဒီဆိုင်က မုန့်တီကို သိပ်ကြိုက်တယ်။ မြစ်ကမ်းဘေးက ပြန်လာတိုင်း ဒီဆိုင်မှာ ဝင်စားပြီးမှ ပြန်လေ့ရှိတယ်ဆိုတော့ အခု ဒီဆိုင်ရှေ့အရောက်မှာလည်း သူ့မိန်းမကို အလိုလို သတိရသွားတော့တာ။ မပြေသေးတဲ့ စိတ်အခံကြောင့် ဆက်လျှောက်လာခဲ့ပေမယ့် မုန့်တီအနံ့က သူနားက ကပ်လိုက်နေတုန်းပဲ။

ဆိုင်ကို ငါးလှမ်းလောက် ကျော်သွားတော့ သူ ရပ်လိုက်တယ်။ မိန်းမအတွက် လမ်းကြုံဝယ်သွားပေးရင် ကောင်းမလား တွေးမိတာနဲ့ ဆက်မလျှောက်ဖြစ်တာ။ ဒါပေမဲ့လည်း ချက်ချင်း အသိပြန်ဝင်တယ်။ ပြန်ချော့တယ်လို့ သူ့မိန်းမ ထင်သွားမှာကို တွေးမိတာနဲ့ ကိုကျော်ဝေ ဆက်လျှောက်

တယ်။ နှစ်လှမ်း သုံးလှမ်း လှမ်းပြီးတော့ ရပ်သွားပြန်တယ်။

ဒီမုန့်တီ သူ့မိန်းမ သိပ်ကြိုက်တတ်မှန်း သေသေချာချာ သိနေတာကို အာရုံထဲက ဖျောက်လို့မရဘူး။ ဒါနဲ့ပဲ နောက်ပြန်လှည့်တယ်။ ကြုံလို့ ဝယ်သွားပေးတာပဲ။ စားချင်စား မစားချင်နေပေ့ါ။ ထမင်းစားစားပွဲပေါ် တင်ထားပေးလိုက်ရင် သူ့ဘက်က တာဝန်ကျေတာပဲလို့ တွေးပြီး ဝင်ဝယ်ဖြစ်တာ။

တာဝန်ကျေလို့ တွေးပေမယ့်လည်း စိတ်နဲ့ ပါးစပ်က တားမရပါဘူး။ သူ့မိန်းမအကြိုက် နံနံပင်များများ၊ ငါးဖယ်နှစ်ခုနဲ့ ငရုတ်ရည်များများ ထည့်ဖို့ မှာမိပြန်တာပါပဲ။ မုန့်တီထုပ် လက်ကဆွဲပြီး ဆိုင်က အထွက်မှာ သူ့ကိုယ်သူ ကျေနပ်သလိုလို မကျေနပ်သလိုလို ဖြစ်မိသေးတယ်။ မိန်းမပြန်ချော့မှ ကျေအေးမယ်လို့ အခါခါ တွေးထားလျက်နဲ့ မုန့်တီထုပ်ဆွဲပြီး ပြန်လာရတာကို မကျေနပ်သလိုလို ဖြစ်မိတာ။ တစ်ဖက်ကလည်း မုန့်တီထုပ်မြင်ရင် သူ့မိန်းမ ဝမ်းသာသွားမှာပဲဆိုပြီး မသိမသာ ကျေနပ်နေပြန်တယ်။ ချော့ရာမကျအောင် စားပွဲပေါ် ဒီအတိုင်းပဲ တင်ထားလိုက်ဖို့လည်း သူ့ကိုယ်သူ အကြိမ်ကြိမ် သတိပေးရသေးတယ်။

အရင်ကဆို သူအပြင်က ပြန်လာတိုင်း ဝယ်လာတဲ့ မုန့်ကို ဖွေးတန်ဖွေး၊ အသီးဆိုလည်း ခွဲတန်ခွဲ၊ အခွံခွာတန်ခွာ လုပ်ပြီးမှ သူ့မိန်းမကို ချကျွေးနေကျမဟုတ်လား။ ပြုပြင်ဖွယ်ရာတွေ ပြီးစီးသွားမှ ကိုကျော်ဝေက မုန့်ပန်းကန်လေး နောက်ကျောဖွက်၊ သူ့မိန်းမ မျက်နှာရှေ့ရောက်မှ ဘွားခနဲထုတ်ပြပြီး ပြုံးပျော်သွားတဲ့ သူ့မိန်းမရဲ့ အပြုံးမျက်နှာကို ပြန်ယူလေ့ရှိတယ်။ ဒါကြောင့်လည်း အခု အိမ်ပြန်ရောက်ရင်တော့ ဘာမှ မပြင်ဆင်ပေးဘဲ မုန့်တီ အထုပ်ကို စားပွဲပေါ် ဒီအတိုင်းတင်ထားလိုက်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရတာပေ့ါ။ ဟုတ်တယ်လေ ဒီလောက် ဝယ်လာပေးတာပဲ ကျေးဇူးတင်ပေ့ါ။

တိတ်တိတ်လေး လျှောက်ပြန်လာပေမယ့် ကိုကျော်ဝေတစ်ယောက်တည်း အလုပ်များနေတယ်။ အိမ်နားရောက်လာလေ တင်းထားတဲ့စိတ်တွေက အိအိကျလာလေ ဆိုတာကို ခံစားမိတော့ စိတ်ကို ပြန်ပြန်မောင်းတင်နေရတယ်။ ဒါပေမဲ့ မရပါဘူး။ ရှေးအစဉ်အဆက်ကတည်းက ကမ္ဘာကျော်တဲ့ ဖော်မြူလာအတိုင်း တည့်တည့်ဝင်တာပါပဲ။ ဦးနှောက်ရဲ့ထိန်းချုပ်မှု သတိတရားကို နှလုံးသားက ထွက်လာတဲ့ သံယောဇဉ်က အမြဲအနိုင်ယူနေကျ

ဖော်မြူလာအတိုင်း အိမ်နားရောက်တော့ ကိုကျော်ဝေက မုန့်တီထုပ်လေး လက်နဲ့ စမ်းကြည့်လိုက်တယ်။ ခပ်နွေးနွေးအထိအတွေ့ကို စမ်းမိတယ်။

ဒါနဲ့ပဲ လုပ်နေကျအတိုင်း ဟင်းရည်ကို ပြန်နွှေးပြီးမှ စားပွဲပေါ် တင်ထားတော့မယ်ဆိုပြီး ဆုံးဖြတ်ချက် ပြောင်းသွားရပြန်တယ်။ အငွေ့ တထောင်းထောင်းနဲ့ မုန့်တီလေးမြင်ရင်တော့ ဝမ်းသာသွားမှာကို တကူး တက မတွေးလည်း ကြိုသိနေတယ်။ ဒါပေမဲ့ သူက စပြီး စကားမပြောမိဖို့ တော့ မဖြစ်မနေ ထိန်းမှဖြစ်မှန်း အထပ်ထပ် သတိပေးရပြန်တယ်။ ဒီတစ်ခု တော့ ရအောင် တင်းဖို့လိုတယ်လို့ ကိုကျော်ဝေ ယူဆထားတယ်။ သူ့ကို ပြန်ခံပြောထားတာတော့ လွယ်လွယ်ကျေပေးလို့ မဖြစ်သေးဘူးလေ။

အိမ်ထဲရောက်တော့ တိတ်ဆိတ်နေတယ်။ အခန်းထဲ မဝင်ချင်သေး တာနဲ့ ဧည့်ခန်းက ကြိမ်ဆက်တီပေါ်မှာ ထိုင်ပြီး မျက်လုံးမှိတ်ထားလိုက်တယ်။ တော်တော်ကြာတဲ့အထိ ဘာသံမှ မကြားတာနဲ့ အိပ်ခန်းတံခါး အသာဟ ကြည့်တော့လည်း အခန်းထဲမှာ သူ့မိန်းမကို မတွေ့ရဘူး။ ဒါနဲ့ မီးဖိုချောင် ဘက် သွားကြည့်တယ်။ မရှိပြန်ဘူး။ အိမ်သာ၊ ရေချိုးခန်းထဲမှာလည်း မမြင်တော့ အိပ်ခန်းထဲ ဝင်လာခဲ့တယ်။ အိပ်ခန်းထဲမှာ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ မွှေးရနံ့လေး ပျံ့လွင့်နေတယ်။ အခန်းရှင်းပြီး သံပရာ အမွှေးနံ့လေး ဖျန်းထားပုံရတယ်။ အိပ်ရာကလည်း စန့်စန့်ရန့်ရန့် ခင်းထား တယ်။ ဒါနဲ့ ဟိုဟိုဒီဒီ ကြည့်တော့ မှန်တင်ခုံပေါ်မှာ စာတစ်စောင် တွေ့လေ ရဲ့။ သူ့မိန်းမ ရေးထားခဲ့တဲ့ စာမှန်းသိလို့ ဖတ်ကြည့်တော့ စာထဲမှာ ရေး ထားတာက...

"ကျွန်မမျက်နှာ မကြည့်ချင်ဘူးဆိုလို့ အမေ့အိမ်မှာ သွားအိပ်ပါ တယ်။ ကြက်သားကြော်ပေးခဲ့တယ်။ အုပ်ဆောင်းအောက်မှာ။ ထမင်းလည်း အချိန်မှန်စားဦး.... တဲ့"

စာက ခပ်တိုတိုပါပဲ။ စာဖတ်ပြီးတော့ ကိုကျော်ဝေ စိတ်တိုသွား တယ်။ ဒင်းက အိမ်ကတောင် ဆင်းရသလားဆိုပြီး တွေးမိတော့ နေနိုင်ရင် နေပဟာဆိုပြီး ပစ်ထားမယ့် စိတ်အတွေးလေး ဝင်လာတယ်။ အိပ်ရာပေါ် ခဏလှဲပေမယ့်လည်း စိတ်တိုတာ မပျောက်ချင်ဘူး။ ဒီကြားထဲ မုန့်တီထုပ်ကို သတိရမိတော့ ဘာကြောင့်မှန်းမသိဘဲ ဒေါသပိုထွက်လာတယ်။ ကိုယ်က လည်း သူ့မျက်နှာမကြည့်ချင်ဘူးလို့ ပြောထားမိတာဆိုတော့ ခုမှကြည့်ချင် ပါတယ် ပြန်လာပါလို့လည်း သွားမခေါ်ချင်ဘူး။ တခြားဘယ်လိုပြောရမှန်းလဲ

မသိဘူး။ လက်ပတ်နာရီကို ကြည့်တော့ ခြောက်နာရီကျော်စပြုပြီ။

အိမ်က တိတ်ဆိတ်ငြိမ်သက်လွန်းတော့ ကိုကျော်ဝေ နေရထိုင်ရခက်လာတယ်။ အိမ်ထောင်သက် သုံးနှစ်အတွင်း အိမ်ထဲမှာ ကိုကျော်ဝေတစ်ယောက်တည်းရှိတဲ့အချိန်တွေ ရှိဖူးတာပဲ။ ဒါပေမဲ့ အခုတစ်ခါ တိတ်ဆိတ်ပုံမျိုးနဲ့ မတူဘူး။ အခုက တိတ်ဆိတ်တဲ့အပြင် ခြောက်ကပ်ကပ်ကြီးလို့ကို ခံစားနေမိတာ။ ဒါနဲ့ စိတ်အပြောင်းလဲ ဖြစ်လိုဖြစ်ငြားဆိုပြီး တစ်ခုခု ထစားဖို့ ထမင်းစားခန်းထဲ ဝင်လာခဲ့တယ်။ စားပွဲပေါ်က အုပ်ဆောင်းကိုမြင်မှ ကြက်သားကြော် ထားပေးခဲ့မှန်း သတိရတယ်။ အုပ်ဆောင်းဖွင့်ကြည့်တော့ ကြက်သားကြော်တွေက နီနီရဲရဲနဲ့ မွှေးပျံ့နေတယ်။

ကြက်သားကြော်ဆိုရင် နီနီရဲရဲ ကြွပ်ကြွပ်ရွရွမှ ကြိုက်တတ်တဲ့ ကိုကျော်ဝေ အကြိုက်အတိုင်း မိန်းမဖြစ်သူက ကြော်ပေးသွားတာဆိုတော့ စိတ်ထဲတော့ နည်းနည်း သဘောကျသွားတယ်။ ဒါနဲ့ တစ်တုံးကိုက်စားပြီး ဘေးက ဟင်းအိုးကို ဖွင့်ကြည့်တော့ ဘူးသီးဟင်းခါး ချက်ထားတာ ဖြစ်နေတယ်။ ဒါလည်း သူ့အကြိုက်ပဲ။ ကိုကျော်ဝေက ထမင်းစားရင် အရည်သောက်တစ်ခွက်ပါမှ စားဝင်သူဖြစ်လို့ သူ့မိန်းမက နေ့စဉ် အရည်သောက်ဟင်းတစ်ခွက် ထည့်ထည့်ချက်ရတယ်။

ကြက်သားကြော်လေးကိုက်ပြီး ဘူးသီးဟင်းခါးလေး ခပ်သောက်ကြည့်လိုက်တယ်။ ဟင်းခါးက အေးစက်နေတယ်။ ဒါတော့ ကိုကျော်ဝေအကြိုက်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေပြီ။ ကိုကျော်ဝေက ဟင်းခါးဆို ပူပူလောင်လောင်မှ တရှူးရှူးနဲ့မှုတ်ပြီး သောက်တတ်သူ။ အခုဟင်းခါးက ချက်ထားတာကြာတော့ အေးနေပြီ။ ဟင်းခါးအေးရင် မသောက်တတ်တဲ့ ကိုကျော်ဝေ အိပ်ခန်းထဲ ချက်ချင်း ပြန်ဝင်သွားတယ်။ ချွတ်ထားတဲ့အင်္ကျီ ပြန်ဝတ်တယ်။ ပိုက်ဆံအိတ် ခါးကြားထိုးတယ်။ အိမ်ကထွက်ပြီး လမ်းထိပ်မှာ တက္ကစီတားတယ်။ တက္ကစီစထွက်တော့ မိန်းမနဲ့တွေ့ရင် ပြောဖို့ စကားကို တစ်ချက်ပြန်တွေးကြည့်တယ်။

"ဟင်းခါး အေးနေပြီ ပြန်လာနွှေးပေးဦး"

အဆင်သင့်ဖြစ်အောင် မျက်နှာကိုခပ်တည်တည် ပြင်ထားပေမယ့် ဟင်းခါးအေးနေတာကို တိတ်တိတ်လေး ကျေးဇူးတင်နေမိတော့တယ်။

**ဇူလိုင် ၂၀၁၃ ရွှေအမြုတေမဂ္ဂဇင်း**